ကန့်သတ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ပဥ္စမနေ့ (၂၁.၉.၂၀၁၈)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ လွှတ်တော်သို့ အစီရင်ခံစာ ရှင်းလင်းဖတ်ကြားတင်ပြခြင်း။

**ဥက္ကဋ္ဌ။** အစီအစဉ် (၁၀)ဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော်သို့ ပေးပို့လာပါတယ်။ သို့ဖြစ်ပါ၍ အစီရင်ခံစာကို ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ ရှင်းလင်းဖတ်ကြားဖို့အတွက် ဖိတ်ခေါ်ပါတယ်။

**ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** အားလုံး မင်္ဂလာပါရှင်။ လေးစားအပ် ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ရှေးဦးစွာဂါဝရပြုအပ်ပါတယ်။ ကျွန်မကတော့ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်ရီရီဝင်း ဖြစ်ပါတယ်။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အစည်းအဝေးများတွင် ကတိကဝတ်ပြုခဲ့သည့် အဆိုနှင့် မေးခွန်းများအပေါ် ကော်မတီ၏ စိစစ်သုံးသပ်တင်ပြသည့် အစီရင်ခံစာအား ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

## နိဒါန်း

ဒုတိယကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဒုတိယပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများ အပေါ် ကတိကဝတ်ပြုခဲ့သည်များကို နည်းဥပဒေ ၆၅ နှင့်အညီ ကော်မတီအစည်းအဝေးကို (၁၀.၉.၂၀၁၈)ရက်နေ့မှ (၁၄.၉.၂၀၁၈)ရက်နေ့အထိ လွှတ်တော်ရေးရာကော်မတီ အခန်း(၆)၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများတို့နှင့် ပူးပေါင်းလေ့လာစိစစ်၍ ဤအကြံပြုချက် အစီရင်ခံစာကို နည်းဥပဒေ ၆၆ နှင့်အညီ ပြုစု တင်ပြခြင်း ဖြစ်ပါတယ်။

## ကော်မတီဖွဲ့စည်းမှု

ဒုတိယကြိမ် ရှမ်းပြည်နယ်လွှတ်တော်၊ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို ၂၀၁၆ ခုနှစ်၊ မတ်လ (၂၈)ရက်နေ့ တွင် ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန် အစည်းအဝေး (ဆဋ္ဌမနေ့)၌

လွှတ်တော်၏ အတည်ပြုချက်ဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၃၊ ၂၄ နှင့် နည်းဥပဒေ ၆၂ အရ ကော်မတီဝင်(၇)ဦးဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်။ ကော်မတီဥက္ကဋ္ဌ ဦးစိုင်းလုံကျော် (ရပ်စောက်-၂)သည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်၊ ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးအဖြစ် ရွေးချယ်ခြင်းခံရပါသော ကြောင့် ကော်မတီဥက္ကဋ္ဌ အစားထိုးတာဝန်ပေးအပ်မှုကို ၂၀၁၆ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)၌ လွှတ်တော်၏ အတည်ပြုချက်ဖြင့် ဦးအောင်သူ(လားရှိုး-၂)ကို အစားထိုး တာဝန်ပေးအပ်ခဲ့ပါတယ်။ တပ်မတော်သား ကိုယ်စားလှယ်အစားထိုးပြင်ဆင် ဖွဲ့စည်း တာဝန်ပေးအပ်မှုကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျင်းပသော ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အရေးပေါ် အစည်းအဝေး(၁/၂၀၁၆)(တတိယနေ့)၌ လွှတ်တော်၏ အတည်ပြုချက်ဖြင့် အစားထိုး တာဝန်ပေးအပ်ခဲ့ပြီး ကော်မတီအစားထိုး တာဝန်ပေးအပ်မှုကို စုစုပေါင်း (၂)ကြိမ် အစားထိုး ပြင်ဆင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ကြောင်းတင်ပြအပ်ပါတယ်ရှင်။

**ကော်မတီအစည်းအဝေးကျင်းပမှုအခြေအနေ**

ကော်မတီသည် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် မေးခွန်း များ၊ ပြည်နယ်အစိုးရအဖွဲ့အစည်းဝင်များမှ လွှတ်တော်တွင် ဖြေကြားပြီးသည့် မေးခွန်းများ နှင့်စပ်လျဉ်း၍ ကတိကဝတ်ပြုခဲ့သော အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များကို စိစစ်ရန်အတွက် ကော်မတီအစည်းအဝေးများကို ၂၀၁၃ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၆၅ ပါပြဋ္ဌာန်းချက်များနှင့်အညီ (၉)ကြိမ် အထိ ကျင်းပနိုင်ခဲ့ကြောင်း တင်ပြအပ်ပါတယ်ရှင်။

**အဆိုတင်သွင်းခြင်း၊ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများ မေးမြန်းထားရှိမှုအခြေအနေ**

ဒုတိယကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန် အစည်းအဝေးအထိ အရေးပေါ်အစည်းအဝေးများအပါအဝင် အစည်းအဝေးများတွင် အဆို တင်သွင်းခြင်း၊ ကြယ်ပွင့်ပြ၊ ကြယ်ပွင့် မပြမေးခွန်းများ မေးမြန်းထားရှိမှု အခြေအနေမှာ အဆိုစုစုပေါင်း (၄၁)ခု၊ ကြယ်ပွင့်ပြမေးခွန်းစုစုပေါင်း (၅၂၈)ခု၊ ကြယ်ပွင့် မပြ မေးခွန်းစုစုပေါင်း (၄၁၄)ခု ဖြစ်ပါတယ်။

**စိစစ်လေ့လာတွေ့ရှိချက်**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန် အစည်းအဝေးအထိ အရေးပေါ်အစည်းအဝေးများအပါအဝင် အစည်းအဝေး (၁၂)ကြိမ်တွင်

တင်သွင်းခဲ့သည့် အဆို၊ မေးမြန်းခဲ့သည့် မေးခွန်းများ၏ ဖြေကြားချက်များအပေါ် စိစစ်တွေ့ရှိမှုများမှာ-

(က) လွှတ်တော်ကိုယ်စားလှယ် (၂၃)ဦးက တင်သွင်းခဲ့သည့် အဆို(၄၁)ခု အနက် လွှတ်တော်တွင် အတည်ပြု ပြီးသောအဆို(၂၂)ခု၊ မှတ်တမ်း တင်ခြင်း(၁၆)ခု၊ မေးခွန်းပြောင်း(၃)ခုရှိရာ အတည်ပြုခဲ့သည့် အဆိုများအပေါ် စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။

( ခ) လွှတ်တော်ကိုယ်စားလှယ်(၆၄)ဦးက မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း (၅၂၈)အပေါ် ဝန်ကြီးဌာနအလိုက်ဖြေကြားမှု (၅၅၄) ခုတွင် ကတိမဖြစ် (၁၆၄) ခု၊ ကတိဖြစ်ပေါ်မှု (၃၈၆)ခုတွင် ဆောင်ရွက်ပြီး (၂၂၈)ခု၊ ဆောင်ရွက်ဆဲ(၄၄)ခု၊ ဆောင်ရွက်ရန်ကျန်(၁၁၈)ခု ရှိပါတယ်။ စုစုပေါင်း ဆောင်ရွက်ရန်ကျန် (၁၁၈)ခု တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်မည်ဟု ဖြေကြား ပြီး မလုပ်ရသေးတာက (၁၃)ခု၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားမည် ဟု ဖြေကြားချက်က (၂၁)ခု၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျာထားမည်ဟု ဖြေကြားချက်က (၃၈)ခု၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်နောက်ပိုင်းတွင် လျာထားမည်ဟု ဖြေကြားချက်က (၁၀)ခု၊ ရုံးချုပ် (နေပြည်တော်)သို့ တင်ပြ ထားသည် ဟု ဖြေကြားချက်က (၁၇)ခု၊ ဦးစားပေးဆောင်ရွက်ပေးမည်ဟု ဖြေကြားချက်က (၁)ခု၊ ဘဏ္ဍာငွေရရှိမှုပေါ် မူတည်၍ ယေဘုယျ ဖြေကြားချက်က (၁၁)ခု၊ သက်ဆိုင်ရာဌာနနှင့် ပူးပေါင်းညှိနှိုင်းမည်ဟု ဖြေကြား ချက်က(၂)ခု၊ ၂၀၁၇-၂၀၁၈ JICA ODA Loan ချေးငွေရရှိမှ ဆောင်ရွက်မည်ဟု ဖြေကြားချက်က (၂)ခု၊ ဥပဒေအရ ဖြေရှင်းရမည့် မြေဖြစ်သောကြောင့် အသေး စိတ်တိုင်းတာမှုများ မပြုရသေးကြောင်း ဖြေကြားချက်က(၁)ခု၊ လုပ်ငန်း လိုအပ်ချက် ဆောင်ရွက်ပြီးမှသာလျှင် ဆက်လက်လျာထား ဆောင်ရွက်မည်ဟု ဖြေကြားချက်က(၁)ခု၊ သစ်တောပယ်ဖျက်မိန့်ရရှိပါက ရှမ်းပြည်နယ်အစိုးရ အဖွဲ့၏ ခွင့်ပြုချက်ဖြင့် စီမံခန့်ခွဲပေးနိုင်မည်ဟု ဖြေကြားချက်က(၁)ခု ရှိသည်ကို တွေ့ရှိရပါတယ်။အစည်းအဝေးအလိုက် ဝန်ကြီးဌာနတစ်ခုချင်းရဲ့ ဆောင်ရွက်ရန် ကျန်များမှာ အောက်ပါအတိုင်း ဖြစ်ပါတယ်-

| | | |
|---|---|---|
| (၁) | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန | ၂၃ ခု |
| (၂) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၁၃ ခု |
| (၃) | လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန | ၃၉ ခု |
| (၄) | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | - ခု |
| (၅) | လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာန | ၈ ခု |
| (၆) | စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန | - ခု |
| (၇) | လူမှုရေးဝန်ကြီးဌာန | ၂၅ ခု |
| (၈) | ဘဏ္ဍာရေးဝန်ကြီးဌာန | - ခု |
| (၉) | စည်ပင်သာယာရေးဝန်ကြီးဌာန | ၈ ခု |
| (၁၀) | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန | ၂ ခု |

(ဂ) လွှတ်တော်ကိုယ်စားလှယ် (၅၂)ဦးက မေးမြန်းခဲ့သည့် ကြယ်ပွင့်မပြ မေးခွန်း (၄၁၄)အပေါ် ဝန်ကြီးဌာနအလိုက် ဖြေကြားမှု (၄၃၉) ခုတွင် ကတိမဖြစ်(၉၁)ခု၊ ကတိဖြစ်ပေါ်မှု(၃၃၆) ခုတွင် ဆောင်ရွက်ပြီး (၁၆၁) ခု၊ ဆောင်ရွက်ဆဲ(၁၃)ခု၊ ဆောင်ရွက်ရန်ကျန်(၁၇၄)ခု ရှိပါတယ်။ စုစုပေါင်း ဆောင်ရွက်ရန်ကျန် (၁၇၄)ခုတွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်မည်ဟု ဖြေကြားပြီး မလုပ်ရသေးတာက (၅)ခု၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားမည်ဟု ဖြေကြားချက်က (၅၃)ခု၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် လျာထားမည်ဟု ဖြေကြားချက်က (၅၁)ခု၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် နောက်ပိုင်းတွင် လျာထားမည်ဟု ဖြေကြားချက်က (၁၄)ခု၊ ရုံးချုပ် (နေပြည်တော်)သို့ တင်ပြထားသည်ဟု ဖြေကြားချက် (၁၇)ခု၊ ဦးစားပေး ဆောင်ရွက်ပေးမည်ဟု ဖြေကြားချက်က (၅)ခု၊ ပြည်ထောင်စုဘတ်ဂျက်တွင် ထည့်သွင်းလျာထားရန် ဖြေကြား ချက်က (၁)ခု၊ ယေဘုယျဖြေကြားချက်က (၂၆)ခု၊ မြစိမ်းရောင် စီမံကိန်းတွင် ထည့်သွင်းနိုင်ရေး ဆောင်ရွက်မည်ဟု ဖြေကြားချက်က (၁)ခု၊ ကွင်းဆင်းစိစစ်ဆောင်ရွက်မည် ဟု ဖြေကြားချက်(၁)ခု ရှိသည်ကို တွေ့ရှိရ

ပါတယ်။ အစည်းအဝေးအလိုက် ဝန်ကြီးဌာန တစ်ခုချင်းရဲ့ ဆောင်ရွက်ရန် ကျန်များ ကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်-

| | | |
|---|---|---|
| (၁) | လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန | ၄၂ ခု |
| (၂) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ၂၃ ခု |
| (၃) | လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန | ၄၃ ခု |
| (၄) | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | - ခု |
| (၅) | လျှပ်စစ်၊ စွမ်းအင်နှင့်စက်မှုဝန်ကြီးဌာန | ၁၈ ခု |
| (၆) | စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန | - ခု |
| (၇) | လူမှုရေးဝန်ကြီးဌာန | ၄၂ ခု |
| (၈) | ဘဏ္ဍာရေးဝန်ကြီးဌာန | - ခု |
| (၉) | စည်ပင်သာယာရေးဝန်ကြီးဌာန | ၅ ခု |
| (၁၀) | ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာန | ၁ ခု |

(ဃ) ဘဏ္ဍာရေးနှစ်ကို ဦးစားပေးဖော်ပြီး ဆောင်ရွက်ပေးမည်ဟု ကတိပြုခဲ့သော်လည်း ရန်ပုံငွေ မရရှိသဖြင့် ဘဏ္ဍာရေးနှစ် ပြောင်းလဲလျာထားမှုများ စိစစ်တွေ့ရှိရပါကြောင်း တင်ပြအပ်ပါတယ်ရှင်။

( င ) မေးခွန်းစာရင်းချုပ်အပေါ်တွင် ဝန်ကြီးဌာနအလိုက် ဖြေဆိုမှုများရှိသည့် မေးခွန်းအရေအတွက် ပြောင်းလဲမှုများရှိပါတယ်။ မေးခွန်းများအပေါ် ဝန်ကြီးဌာနအလိုက် ကြယ်ပွင့်ပြမေးခွန်း(၂၇)ခု၊ ကြယ်ပွင့်မပြ မေးခွန်း(၃၉)ခု၊ စုစုပေါင်း (၆၆)ခုရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

( စ ) အချို့မေးခွန်းများအပေါ် ဖြေကြားချက်တွင် မြို့နယ်အလိုက် ဘဏ္ဍာငွေ အချိုးကျ ခွဲဝေရရှိမှုအပေါ် မူတည်၍လည်းကောင်း၊ မြို့နယ်စီမံကိန်း ရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ၏ ဦးစားပေးတင်ပြချက်အပေါ် မူတည်၍ လည်းကောင်း ဆက်လက်ဆောင်ရွက် ပေးသွားမည်ဟု ယေဘုယျ ဖြေကြား ထားသည်ကို တွေ့ရှိရပါတယ်။

(ဆ) လွှတ်တော်ကိုယ်စားလှယ်မှ တင်ပြတောင်းခံသော လုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနမှ ပြည်ထောင်စုအဆင့်သို့ဆက်လက်တင်ပြထားသော်လည်း ပြည်ထောင်စု ဘတ်ဂျက်တွင်ပါဝင်ခြင်း ရှိ/မရှိကို သိရှိရန်လိုအပ်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်ရှင်။

**အကြံပြုတင်ပြချက်**

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများကို ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားချက်များ အပေါ် အကြံပြုချက်မှာ-

(က) ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဖြေကြားခဲ့သော အဖြေအများစုသည် “**ဘဏ္ဍာ ငွေခွဲဝေရရှိမှုပေါ်မူတည်၍ ဆက်လက်ဆောင်ရွက်သွားမည်**” ဟုသာ ပါရှိပြီး တိကျသည့် ဖြေကြားမှုများကို မရရှိသောကြောင့် ကတိကဝတ် ဖြစ်/ မဖြစ် ဆုံးဖြတ်ရန် ခက်ခဲပါသဖြင့် ဖြေကြားမှုများသည် တိကျမှုရှိရန် လိုအပ်ပါကြောင်း၊

( ခ) ဝန်ကြီးဌာနများမှ ကော်မတီသို့ ပြန်လည်ဖြေကြားပေးရာတွင် ကြယ်ပွင့်ပြ နှင့် ကြယ်ပွင့်မပြများအား အစည်းအဝေးအကြိမ်အလိုက် စာရင်းချုပ်များ ဖော်ပြပေးသင့်ပါကြောင်း၊

( ဂ) အချို့မေးခွန်းအပေါ် ဖြေကြားချက်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးမည်ဟု ပြောကြားသော်လည်း မပါဝင်သည့် အပြင် ၂၀၁၈-၂၀၁၉တွင်လည်း ထည့်သွင်းလျာထားခြင်းမရှိသဖြင့် အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးထည့်သွင်းရန်လိုအပ်ပါကြောင်း၊

(ဃ) မေးခွန်းအချို့တွင် ပြည်နယ်အစိုးရအဖွဲ့မှ လုပ်ဆောင်ပေးမည်ဟု ကတိကဝတ်ပြုခဲ့သော်လည်း ကွင်းဆင်းစိစစ်ရာတွင် လုပ်ဆောင်၍ မရသည့် လုပ်ငန်းများ တွေ့ရှိရပါက အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာလွှတ်တော် ကိုယ်စားလှယ်များထံသို့ ပြည်နယ်လွှတ်တော်မှတစ်ဆင့် အသိပေး ပြန်လည် ရှင်းလင်းသင့်ပါကြောင်း၊

( င ) လွှတ်တော်အစည်းအဝေးကျင်းပပြီးတိုင်း မေးခွန်းနှင့်အဆိုများအပေါ် ဖြေကြားရှင်းလင်းခဲ့မှုများမှာ ကတိကဝတ်ဖြစ်/ မဖြစ်နှင့်ပတ်သက်၍ ကော်မတီနှင့်အစိုးရအဖွဲ့ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သင့်ပါကြောင်း၊

**နိဂုံး**

ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီအနေဖြင့် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ကော်မတီ၏ သတ်မှတ်ပေးအပ်ထားသည့် တာဝန်များနှင့်အညီ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၏လမ်းညွှန်မှု၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းမှုမှ ရရှိသည့် ဖြေကြားချက်များဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ ပါကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (ပဥ္စမနေ့)တွင် ရှမ်းပြည်နယ်လွှတ်တော် ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီမှ တင်ပြသည့် အစီရင်ခံစာအား ၂၀၁၃ ခုနှစ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၃၈(စ)အရ ပြည်နယ်လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။